အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရုံးအမှတ် (၃၂)၊ နေပြည်တော်
ဒုတိယဦးစီးမှူးရာထူး ရေး/ဖြေစာမေးပွဲ

ဘာသာရပ် - အထွေထွေဗဟုသုတ | ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်
ခွင့်ပြုချိန် - (၂) နာရီ | စာမေးပွဲကျင်းပသည့်နေရာ - နေပြည်တော်

၁။ အောက်ပါကွက်လပ်များကို ဖြည့်ပါ။ (၂၀) မှတ်

(က) ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို --2012-- ခုနှစ်၊ နိုဝင်ဘာလ --2-- ရက်နေ့တွင် ပြဋ္ဌာန်းလိုက်သည်။

(ခ) ရင်းနှီးမြှုပ်နှံရာတွင် နိုင်ငံခြားသားက နိုင်ငံခြားမတည်ငွေရင်း ရာခိုင်နှုန်း --100-- ဖြင့် ပြုလုပ်ခြင်းဖြစ်စေ၊ နိုင်ငံခြားသားနှင့် နိုင်ငံသား (သို့မဟုတ်) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းတို့ ------------ ပြုလုပ်ခြင်းဖြစ်စေ ဆောင်ရွက်နိုင်သည်။

(ဂ) ယခု နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်တွင် စီးပွားဖြစ်စတင်သောနှစ် အပါအဝင် တစ်ဆက်တည်း ----5------- နှစ်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ဃ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အစိုးရသစ်သည် --2011-- ခုနှစ်၊ -------- လတွင် စတင်တာဝန်ယူခဲ့ပါသည်။

(င) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေအား --2008-- ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟု ခေါ်ဆိုနိုင်ပါသည်။

(စ) လက်ရှိ အမေရိကန်သမ္မတ ဘာရတ်အိုဘားမားနှင့် ယှဉ်ပြိုင်အရွေးခံခဲ့သည့် သမ္မတလောင်း၏ အမည်မှာ -------------- ဖြစ်ပြီး၊ ၎င်းသည် ------------ ပါတီမှ ဖြစ်သည်။

(ဆ) ကမ္ဘာ့ပထမဆုံး ဇီဝလောင်စာသုံး လေယာဉ်စမ်းသပ်ပျံသန်းမှုကို -------------- နိုင်ငံ၊ -------------- မြို့ ဝေဟင်၌ ပြုလုပ်ခဲ့ပါသည်။

(ဇ) အမေရိကန်နိုင်ငံတွင် ယခုနောက်ဆုံးတိုက်ခတ်သော ဟာရီကိန်းမုန်တိုင်း၏ အမည်မှာ ------------ ဖြစ်ပါသည်။

(ဈ) ဒုတိယအကြိမ် သက်တမ်းအတွက် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလတွင် ပြန်လည်အရွေးခံရသော အမေရိကန်သမ္မတ၏ နာမည်အပြည့်အစုံမှာ -------------- ဖြစ်ပါသည်။

(ည) လက်ရှိကုလသမဂ္ဂအတွင်းရေးမှူးချုပ်မှာ -------------- လူမျိုးဖြစ်ပါသည်။

၂။ အောက်ပါတို့ကို အမှန် (✓)၊ အမှား (×) ဖြေဆိုပါ။ (၁၀) မှတ်

(က) မြန်မာနိုင်ငံသည် ၂၀၁၃ ခုနှစ်တွင် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် တာဝန်ယူ ကျင်းပပါမည်။ ( ✓ )

(ခ) ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့၌ လှုပ်ခတ်ခဲ့သည့် ငလျင်သည် ပြင်းအား ရစ်စတာစကေး ၆.၈ ရှိပါသည်။ ( ✓ )

(ဂ) အမေရိကန်ပြည်ထောင်စုသမ္မတသည် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ အလည်အပတ် ရောက်ရှိခဲ့ပါသည်။ ( ✗ )

(ဃ) အရှေ့တောင်အာရှနိုင်ငံများ အသင်းကြီးတွင် အဖွဲ့ဝင်နိုင်ငံပေါင်း (၁၀) နိုင်ငံ ပါရှိပါသည်။ ( ✓ )

(င) ဩစတြေးလျနိုင်ငံ အစိုးရအဖွဲ့၏ လက်ရှိဝန်ကြီးချုပ်မှာ အမျိုးသားဝန်ကြီးချုပ် တစ်ဦး ဖြစ်ပါသည်။ ( )

၃။ အောက်ပါတို့၏ အမည်အပြည့်အစုံကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြ၍ မြန်မာဘာသာပြန်ဆိုပါ။ (၂၄) မှတ်

(က) NAFTA
(ခ) WHO
(ဂ) WTO
(ဃ) UN
(င) Lao PDR
(စ) ROK
(ဆ) PRC
(ဇ) AEC
(ဈ) UNDP
(ည) FAO
(ဋ) ASEAN
(ဌ) NATO

၄။ အောက်ပါတို့ကို ဖြေဆိုပါ။ (၂၆) မှတ်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လွှတ်တော် ဘယ်နှစ်ရပ်ရှိပါသနည်း။ အဆိုပါ လွှတ်တော်အမည်များကို ဖော်ပြပါ။

(ခ) အခြေခံဥပဒေအရ ပြဋ္ဌာန်းကျင့်သုံးနေသည့် မဏ္ဍိုင်ကြီး (၃)ရပ်၏ အမည်ကိုဖော်ပြပါ။

(ဂ) မြန်မာနိုင်ငံတွင် လက်ရှိအကောင်အထည်ဖော်နေသော အထူးစီးပွားရေးဇုန် (၃) ခု၏ အမည်ကိုဖော်ပြပါ။

(ဃ) ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့၌ ကျင်းပခဲ့သည့် (၁၅) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီး၊ ဦးသိန်းစိန် ပြောကြားသည့် မိန့်ခွန်းပါ အဓိက အချက်များအား ရေးသားဖော်ပြပါ။

၅။ အောက်ပါတို့ကို ဖြေဆိုပါ။ (၂၀) မှတ်

(က) အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန လက်အောက်ရှိ ဌာန/အဖွဲ့ အမည်များကို ဖော်ပြပါ။

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ အမည်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားဖော်ပြ၍ ဌာနအနေဖြင့် မည်သည့်လုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်နေသည်ကို ရှင်းလင်းဖော်ပြပါ။ DICA

(ဂ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်ကို မည်သည့်နေ့ရက်တွင် ပြဋ္ဌာန်းခဲ့သည်ကို ဖော်ပြပါ။